ပေါ်ညီသွပ်မန်

မွန်ညီညွတ်ရေးပါတီ

MON UNITY PARTY

# ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း

MUP

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်

## မွန်ညီညွတ်ရေးပါတီ
## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း

**နိဒါန်း**

၁။ မြန်မာနိုင်ငံသည် လူမျိုးစုံတိုင်းရင်းသား ပြည်သူများ စုစည်းနေထိုင်ကြသည့် နိုင်ငံဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ပြီး၊ ဗမာအပါအဝင် လူမျိုးစုံတိုင်းရင်းသားပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို စုစည်းတည်ထောင်ခဲ့ကြပါသည်။ သို့ရာတွင် ခေါင်းဆောင်များအကြား လွတ်လပ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတည်ထောင်ရေးနှင့် နိုင်ငံတည်ဆောက်ရေးတို့တွင် သဘောကွဲလွဲခဲ့ကြရာမှ ရာစုနှစ်တစ်ဝက်ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်ခဲ့ရပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ ပဓာနကျသည့် နိုင်ငံရေးအင်အားစု အားလုံးတို့က တိုင်းရင်းသား လူမျိုးစုများ၏ အစုအဖွဲ့ဆိုင်ရာ အမှတ်အသားသရုပ်နှင့် အခွင့်အရေးတို့ကို လေးစားအသိအမှတ်ပြုသည့် တန်းတူညီမျှပြီး၊ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ထောင်ရေးနှင့်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားတို့နှင့် ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ် နစ်ရပ်လုံးကို တပြိုင်နက်တည်း အသွင်ကူးပြောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းတွင် ထူးခြားအရေးပါလှသည့် ဤအသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် တိုင်းရင်းသားလူမျိုးစုများအပါအဝင် မြန်မာနိုင်ငံသားအားလုံး စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

၂။ မွန်လူမျိုးတို့သည် အခြားသောတိုင်းရင်းသား လူမျိုးစုပြည်သူများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်ရေးတွင်လည်းကောင်း၊ အမျိုးမျိုးသော နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်များတွင်လည်းကောင်း သမိုင်းစဉ်တလျှောက် ကျရာအခန်းကဏ္ဍမှ အေးအတူပူအမျှ ပူးပေါင်းပါဝင်ခဲ့ပါသည်။ ယနေ့ကဲ့သို့သော ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အရေးကြီးလှသည့် နိုင်ငံတည်ထောင်ရေးနှင့် နိုင်ငံတည်ဆောက်ရေး သမိုင်းအလှည့်အပြောင်းတွင် လူမျိုးစုံတိုင်းရင်းသား ပြည်သူများနှင့်အတူ မွန်လူမျိုးတို့သည်လည်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။

၃။ ယင်းယုံကြည်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် အခြားသော လူမျိုးစုံတိုင်းရင်းသားပြည်သူတို့အပါအဝင် မွန်ပြည်သူတို့အား ကိုယ်စားပြုနိုင်ရန်အတွက် ဒေသအသီးသီးရှိ မွန်နိုင်ငံရေးအင်အားစုများကို စုစည်းပြီး၊ စည်းလုံးညီညွတ်သည့် မွန်နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်ရန် လိုအပ်သည်ဟု ယုံကြည်သဖြင့် ဤပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြဌာန်းလိုက်သည်။

## အခန်း (၁)
## အဓိပ္ပါယ် ဖွင့်ဆိုချက်များ

၄။ မွန်ညီညွတ်ရေးပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သုံးနှုန်းထားသည့် အောက်ပါစကားရပ်များသည် ဖော်ပြပါ ဖွင့်ဆိုချက်များ အတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **ပါတီ** ဆိုသည်မှာ မွန်ညီညွတ်ရေးပါတီကိုဆိုလိုသည်။
(ခ) **ညီလာခံ** ဆိုသည်မှာ မွန်ညီညွတ်ရေးပါတီက ကျင်းပသော ပါတီညီလာခံကို ဆိုလိုသည်။
(ဂ) **နစ်ပတ်လည်အစည်းအဝေး** ဆိုသည်မှာ မွန်ညီညွတ်ရေးပါတီ၏ အဆင့်ဆင့်သော ကော်မတီများက ကျင်းပသော နစ်ပတ်လည်အစည်းအဝေးကို ဆိုလိုသည်။
(ဃ) **ကော်မတီ** ဆိုသည်မှာ အဆင့်ဆင့်သော မွန်ညီညွတ်ရေးပါတီကော်မတီများကို ဆိုလိုသည်။
(င) **ဗဟိုအလုပ်အမှုဆောင်** ဆိုသည်မှာ ပါတီ၏ ဗဟိုကော်မတီမှ ရွေးချယ်ထားသောကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဗဟိုအလုပ်အမှုဆောင်အလုပ်အမှုဆောင် ကော်မတီကို ဆိုလိုသည်။

(ဝ) **ဗဟိုကော်မတီ** ဆိုသည်မှာ မွန်ညီညွတ်ရေးပါတီ၏ မြို့နယ်များမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များကို အခြေခံ၍ ပါတီ၏ အထွေထွေညီလာခံက ရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် ကော်မတီကို ဆိုလိုသည်။

**အခန်း (၂)**
**အဖွဲ့၏အမည်**

၅။ ဤပါတီ၏ အမည်ကို မွန်ဘာသာအားဖြင့် **"ဗော်ညီသွဟ်မန်"**ဟု ခေါ်တွင်စေရမည်၊ မြန်မာဘာသာအားဖြင့် **"မွန်ညီညွတ်ရေးပါတီ"** ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာ အားဖြင့် **"Mon Unity Party"** ဟူ၍လည်းကောင်း ခေါ်တွင်စေရမည်။

**အခန်း (၃)**

**အဖွဲ့၏အလံ၊ အထိမ်းအမှတ် တံဆိပ်၊ အဖွဲ့၏ ရုံးတံဆိပ်**

၆။ မွန်ညီညွတ်ရေးပါတီ၏ **အလံ** သည် အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။



(က) အလံ၏ အရွယ်အစား အချိုးမှာ ၅း၃ ဖြစ်သည်။ (၅ ပေ X ၃ ပေ)

(ခ) အပေါ် **အဝါရောင်**၏အရွယ်အစားသည် ၆ လက်မ၊ အလယ် **အနီရောင်**သည် ၂ ပေ နှင့် အောက် **အပြာရောင်**သည် ၆ လက်မ ဖြစ်သည်။

(ဂ) အနီရောင် အတွင်းတွင် ၉ လက်မ အချင်းရှိ **အဖြူရောင်ကြယ်ပွင့်** နှင့် ပျံနေသော **ရွှေဝါရောင်ဟင်္သာ** ရှိသည်။

၇။ မွန်ညီညွတ်ရေးပါတီ၏ **အထိမ်းအမှတ်တံဆိပ်**သည် အောက်တွင်ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။



၈။ မွန်ညီညွတ်ရေးပါတီ၏ **ရုံးတံဆိပ်**သည် အောက်တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။

အချင်း ၁.၅ လက်မရှိ အပြင်စက်ဝိုင်းနှင့် အချင်း ၁ လက်မရှိ အတွင်းစက်ဝိုင်း နှစ်ခုကြားတွင် **ဇော်ညီသွဟ်မန် ၊ မွန်ညီညွတ်ရေးပါတီ၊ Mon Unity Party** စာသားများကို ထည့်သွင်းရေးသားထားသည်။ ၁ လက်မစက်ဝိုင်းအတွင်းတွင် **တံသံပုံနှင့်** ဗဟို ဟူသော စာလုံးပါရှိသည်။

**အခန်း (၄)**
**ဗဟိုဌာနချုပ်တည်နေရာ**

၉။ မွန်ညီညွတ်ရေးပါတီ၏ဌာနချုပ်သည် အမှတ်(၃၂၄)၊ ၂၂ လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်တွင် တည်ရှိသည်။

**အခန်း (၅)**
**နိုင်ငံရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ**

၁၀။ မွန်ညီညွတ်ရေးပါတီ၏ နိုင်ငံရေး မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ပြီး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော၊ လူမျိုးကိုအခြေခံဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ထောင်ရန်။

(ခ) ပါတီစုံဒီမိုကရေစီစနစ် အခြေတည်နိုင်မာလာစေရေး ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရန်နှင့်၊ ထိုမှတဆင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း တည်းဟူသော လောကပါလတရားတို့နှင့်ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်။

(ဂ) မွန်ဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရန်နှင့် နိုင်ငံတဝှမ်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ရန်။

(ဃ) တိုင်းရင်းသားလူမျိုးစုအားလုံး၏ အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင်၊ ပြည်သူတစ်ဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရှိသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်။

(င) တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သော လူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

(စ) နိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှု ကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင်ဖြစ်ထွန်းခိုင်မာလာစေရန်။

(ဆ) အာဏာရှင်စနစ်၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသည့်လူမျိုးရေးဝါဒတို့ကို ဆန့်ကျင်သွားရန်။

၁၁။ မွန်ညီညွတ်ရေးပါတီ၏ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံရေးကဏ္ဍ

(၁) ပြည်တွင်းစစ် ရပ်စဲရေး၊ ငြိမ်းချမ်းမှု တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် နည်းလမ်းမျိုးစုံ အသုံးပြုပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်မည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အခိုင်အမာတည်ဆောက်ရေး ဖြစ်စဉ်တွင် လူမျိုးစုံကိုင်းရင်းသား ပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မည်။

(၃) လူမျိုးစုံပြည်သူများ၏ အကျိုးစီးပွားကို ရှေ့ရှုသည့် စနစ်တစ်ရပ် ပေါ်ထွန်းအခြေခိုင်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ခ) စီးပွားရေးကဏ္ဍ

(၁) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန်နှင့် လက်ဝါးကြီးအုပ်လွှမ်းမိုးချုပ်ကိုင်မှု မဖြစ်ပေါ်လာစေရေး ကာကွယ်တားဆီးဆောင်ရွက်မည်။

(၂) ပြည်တွင်းနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများ ရယူ၍ ဒေသတွင်း အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အခြေခံခိုင်မာစွာဖြင့် ဖြစ်ထွန်းတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒေသတွင်း စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်လမ်းများ တိုးမြှင့် ဖန်တီးနိုင်ရန် ဆောင်ရွက်မည်။

(၄) စိုက်ပျိုးရေးအပေါ် အခြေခံသည့် အရည်အသွေးမြင့်ထုတ်ကုန် ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(၅) ဒေသအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေရန်နှင့် အကြီးစား နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် လုပ်ခွင့်သာသည့် စီးပွားရေးပတ်ဝန်းကျင် ဖန်တီးတည်ဆောက်သွားမည်။

(၆) မွန်ဒေသကို ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုတွင် အချက်အခြာကျသည့် ဒေသအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်း ဆောင်ရွက်မည်။

(ဂ) လယ်ယာကဏ္ဍ

(၁) ပြည်တွင်းပြည်ပမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အကူအညီများဖြင့် ဒေသ၏လက်မှုလယ်ယာ ကုန်ထုတ်စနစ်ကို စက်မှုလယ်ယာကုန်ထုတ်စနစ်သို့ အသွင်ကူးပြောင်းတည်ဆောက်မည်။

(၂) လယ်လုပ်သူတိုင်း လယ်ပိုင်ဆိုင်ခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၃) စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့် နေရာများတွင် အစုအဖွဲ့လိုက် မိရိုးဖလာမြေပိုင်ဆိုင်ခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၄) လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရန်နှင့် ထိုက်သင့်မျှတသည့်ဈေးနှုန်းရရှိရန် ကူညီဆောင်ရွက်မည်။

(ဃ) အလုပ်သမား ကဏ္ဍ

(၁) ဒေသအတွင်း လူမျိုး၊ ဘာသာ၊ ကျား/မ ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ လူတိုင်း တန်းတူအလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရရှိစေရမည်။

(၂) အစိုးရအမှုထမ်းများနှင့် အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်း လုံခြုံရေးကို အာမခံပြီး၊ အလုပ်မှ အနားယူသည့်အခါတွင် ဘဝအာမခံချက်ရရှိစေမည့် လူမှုဖူလုံရေး စနစ်ကို ထူထောင်မည်။

(၃) အလုပ်သမားများ တရားသဖြင့် ရရှိခံစားထိုက်သည့် အခွင့်အရေးများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ခံစားခွင့်ရရှိရန် ကြိုးပမ်းသွားမည်။

(င) ပညာရေးကဏ္ဍ

(၁) လူတိုင်းစာတတ်မြောက်ရေးစနစ်ကို အကောင်အထည်ဖော်မည်။

(၂) အခမဲ့ မသင်မနေရ အခြေခံပညာရေးစနစ်ကို အကောင်အထည်ဖော်မည်။

(၃) နိုင်ငံတော်၏ ကြီးကြပ်မှုအောက်တွင် စံချိန်စံညွှန်းနှင့်ပြည့်မီသော ပုဂ္ဂလိကပညာရေးစနစ်ကို အားပေးမည်။

(၄) အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပညာရေးတို့ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်မည်။

(၅) မိခင်ဘာသာစကားအခြေပြု ဘာသာစုံ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့် တပြိုင်နက်တည်း အဆုံးတွင် နိုင်ငံတော်၏ ပင်မ ပညာသင်ကြားရေးစနစ်နှင့် ပေါင်းစည်းသွားနိုင်ရန် ဆောင်ရွက်မည်။

(၆) သက်ဆိုင်ရာတိုင်းရင်းသားဒေသအတွင်းရှိ ကျောင်းများတွင် သက်ဆိုင်ရာတိုင်းရင်းသားတို့၏ စာပေကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားသွားရန်။

(စ) ယဉ်ကျေးမှု ကဏ္ဍ

(၁) ဒေသတွင်းရှိ လူမျိုးစုအားလုံး၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများ တန်းတူ ဖွံ့ဖြိုးတိုးတက် စေရန် ဆောင်ရွက်မည်။

(၂) ဒေသတွင်းရှိ လူမျိုးစုများ၏ သမိုင်းကြောင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့် အမွေအနှစ်များကို သက်ဆိုင်ရာ လူမျိုးစုများ၏ လူမျိုးဆိုင်ရာ ကြန်အင်လက္ခဏာများနှင့် မူလသမိုင်းအမှတ်အသားသရုပ်များကို မပျောက်ပျက်စေဘဲ ရှာဖွေ ဖော်ထုတ် အကာအကွယ်ပြု ထိန်းသိမ်းသွားမည်။

(၃) မွန်စာပေနှင့်ဘာသာစကား ခေတ်မီနည်းစနစ်ကျနစွာဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် ဦးစားပေး ဆောင်ရွက်သည့်နည်းတူ၊ ဒေသတွင်းရှိ အခြားသော လူမျိုးစုများ၏ စာပေ၊ ဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးအထောက်အကူ ပြုသွားမည်။

(ဆ) ကျန်းမာရေး

(၁) ဒေသအတွင်း ညီမျှသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးမည်။

(၂) ကုသမှုနှင့် ကာကွယ်ရေးကို ဟန်ချက်ညီအောင် ဆောင်ရွက်မည်။

(၃) အန္တရာယ်ဖြစ်နိုင်ခြေများသော အုပ်စုများ၏ ကျန်းမာရေးကို ဦးစားပေး ကာကွယ်စောင့်ရှောက်ပေးမည်။

(ဇ) လူငယ်ကဏ္ဍ

(၁) လူငယ်တို့၏ ဗလ (၅) တန် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည်။

(၂) လူငယ်များ ပြည်တွင်းနှင့် ပြည်ပ ပညာရေးအဖွဲ့အစည်းများမှ ခေတ်မီပညာ သင်ကြားခွင့်ရရှိရန် အားပေး ကူညီမည်။

(၃) လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဈ) အမျိုးသမီး ကဏ္ဍ

(၁) အမျိုးသားအမျိုးသမီး တန်းတူညီမျှသည့် အခွင့်အရေးရရှိရန် အကောင်အထည်ဖော်ကျင့်သုံးမည်။

(၂) ကဏ္ဍတိုင်း၏ ဆုံးဖြတ်ချက်ချသည့်အဆင့်များတွင် အမျိုးသမီးများပါဝင်နိုင်ရေးကို ဆောင်ရွက်သွားမည်။

(၃) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းမရှိစေရန် မူဝါဒချမှတ်ပြီး ကြိုတင် ကာကွယ်ခြင်း၊ တုန့်ပြန်ဆောင်ရွက်ခြင်းစသည့် နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(ည) နိုင်ငံခြားရေး ကဏ္ဍ

(၁) နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရှေ့ရှု၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ကျင့်သုံးမည်။

(၂) ဒေသတွင်း နေထိုင်ကြသော အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဘက် အကျိုးရှိနိုင်သည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်။

(ဋ) မဟာမိတ်ကဏ္ဍ

ပါတီ၏ နိုင်ငံရေးမူဝါဒများ၊ အခြေခံလုပ်ငန်းစဉ်များနှင့် နီးစပ်ကိုက်ညီသည့် ပါတီတစ်ခုချင်းနှင့်ဖြစ်စေ၊ မဟာမိတ်အဖွဲ့အစည်းအဖြစ် စုပေါင်းဖွဲ့စည်းထားသည့် ပါတီကော်မတီအစည်းအစုများနှင့်ဖြစ်စေ ဒေသအတွင်း ရှိ အများပြည်သူတို့ အကျိုးစီးပွားနှင့် ပြည်ထောင်စုအကျိုးစီးပွါးအလို့ငှာ ပူးပေါင်းဆောင်ရွက်သွားမည်။

## အခန်း (၆)
## ပါတီဝင်

၁၂။ မွန်ညီညွတ်ရေးပါတီ၏ ပါတီဝင်တစ်ဦးဖြစ်ရန်အတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရန် လိုအပ်သည် -

(က) မွန်ညီညွတ်ရေးပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ယုံကြည်သက်ဝင်သည့် မွန်လူမျိုး သို့မဟုတ် မွန်လူမျိုး များ၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် အခြားသော အများပြည်သူလူထုအကျိုးကို လိုလားသူတိုင်း မွန်ညီညွတ်ရေးပါတီ၏ ပါတီဝင်အဖြစ် လျှောက်ထားနိုင်သည်။

(ခ) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို သဘောတူ လက်ခံ လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဃ) ပါတီကော်မတီ အဆင့်ဆင့်မှ အခါအားလျော်စွာ ချမှတ်သည့် ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို တသွေမတိမ်း လိုက်နာနိုင်သူဖြစ်ရမည်။

(င) ပါတီမှ ပေးအပ်သော တာဝန်ဝတ္တရားများကို ဦးလည်မသုန် ထမ်းရွက်ရန် ကတိပြုနိုင်သူ ဖြစ်ရမည်။

(စ) ပါတီအပေါ် သစ္စာစောင့်သိသူ ဖြစ်ရမည်။

(ဆ) အခြားသောပါတီဝင် မဟုတ်သူ ဖြစ်ရမည်။

၁၃။ မွန်ညီညွတ်ရေးပါတီ၏ ပါတီဝင်အဖြစ် လျှောက်ထားလိုသူများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပါတီဝင်ဖြစ်ရန် လိုအပ်ချက်များနှင့်ပြည့်စုံသူသည် ပါတီမှသတ်မှတ်ထားသော ပါတီဝင်လျှောက်လွှာပုံစံကို မှန်ကန်စွာ ရေးဖြည့်ပြီး မိမိနေထိုင်ရာမြို့နယ်ရှိ မွန်ညီညွတ်ရေးပါတီမြို့နယ်ပါတီရုံးသို့ အဆိုပြု လျှောက်ထားရမည်။

(ခ) ပါတီဝင်လျှောက်လွှာကို ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြို့နယ်ပါတီကော်မတီမှ စိစစ်ပြီး၊ စိစစ်တွေ့ရှိချက်များနှင့် မှတ်ချက်များနှင့်အတူ ဗဟိုအလုပ်အမှုဆောင်သို့ တင်ပြရမည်။

(ဂ) ပါတီဗဟိုအလုပ်အမှုဆောင်အဆင့်မှ လိုအပ်ချက်နှင့်ပြည့်စုံသည့် ပါတီဝင်လျှောက်ထားသူအား ပါတီဝင် အသိအမှတ်ပြုလွှာ နှင့် ပါတီဝင်ကဒ်ပြားများ ထုတ်ပေးရမည်။

၁၄။ ပါတီဝင်များ၏ အရည်အချင်းနှင့် တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပါတီ၏ မူဝါနှင့် လုပ်ငန်းစဉ်ကို ယုံကြည်ပြီး လိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ခ) ပါတီ၏အကျိုး၊ တစ်မျိုးသားလုံး၏အကျိုး၊ ဒေသတစ်ခုလုံး၏အကျိုးနှင့် ပြည်ထောင်စု၏ အကျိုးအတွက် မိမိကိုယ်ကျိုးကို စွန့်လွှတ်ပြီး ပါတီ၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) ပါတီမှ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ရမည်။

(ဃ) ပါတီ၏ လျှို့ဝှက်ချက်များကို စောင့်ထိန်းလိုက်နာရမည့်အပြင် လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရမည်။ ပါတီတွင်း အပြန်အလှန် ဆွေးနွေးချက်များ၊ ဆက်သွယ်ပြောဆိုမှုများ၊ ဆုံးဖြတ်ချက်များကို ပါတီ၏ သဘောတူ ခွင့်ပြုချက်မရရှိဘဲ ပြင်ပတွင် ပြောဆိုခြင်းမပြုရ။

(င) ကျယ်ပြန့်သော ပြည်သူလူထု၏ ထောက်ခံမှုရရှိစေရန် အများပြည်သူတို့အား အကျယ်ပြန့်ဆုံး စည်းရုံးလှုံ့ဆော်ရမည်။

(စ) ပါတီဝင်တိုင်းသည် မိမိ၏ တစ်ကိုယ်ရည် ပုဂ္ဂိုလ်ရေးစွမ်းဆောင်ရည် မြင့်မားနေစေရန်အတွက် အစဉ်မပြတ် ကြိုးစားဖြည့်ဆည်း နေရမည်။

(ဆ) ပါတီ သို့မဟုတ် ပါတီဝင်တစ်ဦးဦး၏ ဂုဏ်သရေကို ထိခိုက်စေသော အပြုအမူ အပြောအဆိုများကို လုံးဝ ရှောင်ကြဉ်ရမည်။

၁၅။ ပါတီဝင်များသည် အောက်ပါ ရပိုင်ခွင့်များကို ရရှိခံစားခွင့်ရှိသည် -

(က) မိမိတက်ရောက်ခွင့်ရှိသော သို့မဟုတ် ဖိတ်ကြားခံရသော ပါတီ၏ အဆင့်ဆင့်သောအစည်းအဝေးများနှင့် ညီလာခံများတွင် ပါတီ၏ အကျိုးစီးပွားအတွက် အပြုသဘောကို ဦးတည်၍ စည်းကမ်းဘောင်အတွင်း စနစ်တကျ ဝေဖန်ခြင်း၊ ဆွေးနွေးခြင်း၊ တင်ပြခြင်း၊ အစီရင်ခံခြင်း၊ သုံးသပ်ခြင်းတို့ကို ပြုလုပ်နိုင်ခွင့် ရှိသည်။

(ခ) ပါတီအတွင်း အဆုံးအဖြတ်ပေးရန် ကိစ္စများ၌ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်သည်။

(ဂ) ပါတီဝင်တို့၏ အများဆန္ဒဖြင့်ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ခံရ၍ဖြစ်စေ ပါတီ၏ အဆင့်ဆင့်သော လုပ်ငန်း တာဝန်များ ရယူ ထမ်းဆောင်ခွင့်ရှိသည်။

(ဃ) ပါတီအဆင့်ဆင့်မှ တာဝန်ပေးအပ်ရန်အတွက် ညှိနှိုင်းအဆိုပြုလာခြင်းကို ပယ်ဖျက်ပေးရန်နှင့် ပြောင်းလဲပေး ရန် တင်ပြခွင့် ရှိသည်။

(င) ဆန်းသစ်သော မူဝါဒနှင့် လုပ်ငန်းစဉ်များ တွေ့ရှိပါက တွေ့ရှိချက်ကို ဗဟိုသို့ တင်ပြခွင့်ရှိသည်။

(စ) မိမိယုံကြည်ရာ ဘာသာ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။

(ဆ) အရေးယူခံရခြင်းနှင့်စပ်လျဉ်း၍ ပါတီ၏ တည်ဆဲပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်သော ပါတီကော်မတီ များမှတဆင့် ပါတီညီလာခံအထိ အယူခံပိုင်ခွင့်ရှိသည်။

၁၆။ ပါတီဝင်တစ်ဦးဦး နှုတ်ထွက်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းနှင့် အရေးယူခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပါတီဝင်တစ်ဦးသည် မိမိသဘောဆန္ဒအလျောက် ပါတီဝင်အဖြစ်မှ နှုတ်ထွက်လိုလျှင် သို့မဟုတ် အနားယူ လိုလျှင် မြို့နယ်ပါတီမှတဆင့် ဗဟိုအလုပ်အမှုဆောင်သို့ လျှောက်ထားနိုင်ပြီး၊ ဗဟိုအလုပ်အမှုဆောင်၏ ခွင့်ပြုချက်ဖြင့် နှုတ်ထွက် နိုင်သည်။

(ခ) ပါတီဝင်တစ်ဦးဦးသည် ကွယ်လွန်လျှင်သော်လည်းကောင်း၊ ပါတီမှ သတ်မှတ်ကာလထက် ကျော်လွန်ကင်းကွာ လျှင်သော်လည်းကောင်း၊ ပါတီ၏ ဆုံးဖြတ်ချက်၊ မှတ်တမ်းတင်ချက်များဖြင့် ပါတီဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲပြီးဖြစ်ရမည်။

(ဂ) ပါတီဝင်တစ်ဦးဦးသည် သတ်မှတ်ထားသော ပါတီစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပါတီ၏အကျိုးကို ထိခိုက်အောင်ဆောင်ရွက်ခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်း စသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာပါတီကော်မတီကဖြစ်စေ၊ တာဝန်ပေးအပ်ခံရသည့် ကော်မတီက ဖြစ်စေ၊ ကျူးလွန်သူ ပါတီဝင်အပေါ် စုံစမ်းစစ်ဆေးခြင်း၊ အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက် ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပါက ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ အပြစ်ပေးခြင်း ခံရမည်။

(ဃ) အရေးယူ အပြစ်ပေးခြင်းခံရသူ ပါတီဝင်တစ်ဦးသည် ပြဋ္ဌာန်းချက်များနှင့်အညီ အယူခံပိုင်ခွင့်ရှိပြီး သတ်မှတ်ကာလအတွင်း အယူခံခြင်းမရှိပါက အရေးယူအပြစ်ပေးခြင်းသည် အတည်ဖြစ်စေရမည်။

## အခန်း (၇)
## ပါတီဝင်အား ချီးမြှောက်ခြင်း

၁၇။ ပါတီနှင့် ဒေသတွင်းရှိ အများပြည်သူတို့အပေါ် သစ္စာရှိစွာ ကြိုးပမ်းဆောင်ရွက်သည့်အပြင် ထူးချွန်ကျွမ်းကျင်သော ပါတီဝင်များအား ဂုဏ်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ချီးမြှောက်ခြင်း စသည်တို့အတွက် ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုက ဆောင်ရွက်နိုင်သည်။

## အခန်း (၈)
## ပါတီကော်မတီ အဆင့်ဆင့် ဖွဲ့စည်းခြင်း

၁၈။ မွန်ညီညွတ်ရေးပါတီကို အောက်ပါအတိုင်း အဆင့်ဆင့် ဖွဲ့စည်းသည်-

(က) ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက် မွန်ညီညွတ်ရေးပါတီ
(ခ) မြို့ မွန်ညီညွတ်ရေးပါတီ
(ဂ) မြို့နယ် မွန်ညီညွတ်ရေးပါတီ
(ဃ) မွန်ညီညွတ်ရေးပါတီ (ဗဟိုအလုပ်အမှုဆောင်)

- **ပြည်နယ်/တိုင်းဒေသကြီး မွန်ညီညွတ်ရေးပါတီကို လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။**

၁၉။ ပါတီအဆင့်ဆင့်တိုင်းတွင် သက်ဆိုင်ရာပါတီ၏ အလုပ်အမှုဆောင် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရမည်။

**ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက် မွန်ညီညွတ်ရေးပါတီ**

၂၀။ ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက်တို့တွင် ပါတီကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပါတီဝင်ဦးရေ အနည်းဆုံး (၅၀)ဦး နှင့်အထက် ရှိရမည်။
(ခ) ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက် တစ်ခုကို အခြေခံ၍ ပါတီကော်မတီတစ်ရပ်သာ ဖွဲ့စည်းရမည်။
(ဂ) ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကော်မတီများသည် ကျေးရွာအုပ်စုကော်မတီ အောက်တွင်ရှိရမည်။
(ဃ) ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက် ပါတီကော်မတီကို အဖွဲ့ဝင် (၉) ဦးမှ (၁၅) ဦးဖြင့် အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည် -

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | ၁ ဦး |
| (၂) ဒုတိယဥက္ကဋ္ဌ | ၁ ဦး |
| (၃) အတွင်းရေးမှူး | ၁ ဦး |
| (၄) တွဲဘက် အတွင်းရေးမှူး | ၁ ဦး |
| (၅) ဘဏ္ဍာရေးမှူး | ၁ ဦး |
| (၆) စည်းရုံးရေးမှူး | ၁ ဦး |
| (၇) ပြန်ကြားရေးမှူး | ၁ ဦး |
| (၈) ကော်မတီဝင် | ၂ ဦးမှ ၈ ဦး |

## မြို့ မွန်ညီညွတ်ရေးပါတီ

၂၁။ မြို့ မွန်ညီညွတ်ရေးပါတီကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) ရပ်ကွက်များမှ ရွေးချယ်ပေးသော ကိုယ်စားလှယ်များဖြင့် မြို့ ပါတီကော်မတီကို ဖွဲ့စည်းနိုင်သည်၊

(ခ) မြို့တစ်မြို့တွင် ပါတီကော်မတီတစ်ရပ်သာ ဖွဲ့စည်းရမည်၊

(ဂ) မြို့ပါတီတွင် အလုပ်အမှုဆောင် ကော်မတီဝင် (၁၁) ဦးမှ (၁၅)ဦးဖြင့် အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | ၁ ဦး |
| (၂) ဒုတိယဥက္ကဋ္ဌ | ၁ ဦး |
| (၃) အတွင်းရေးမှူး | ၁ ဦး |
| (၄) တွဲဘက် အတွင်းရေးမှူး | ၁ ဦး |
| (၅) ဘဏ္ဍာရေးမှူး | ၁ ဦး |
| (၆) စည်းရုံးရေးမှူး | ၁ ဦး |
| (၇) ပြန်ကြားရေးမှူး | ၁ ဦး |
| (၈) လေ့ကျင့်ရေးမှူး | ၁ ဦး |
| (၉) ကော်မတီဝင် | ၃ ဦးမှ ၇ ဦး |

## မြို့နယ် မွန်ညီညွတ်ရေးပါတီ

၂၂။ မြို့နယ် မွန်ညီညွတ်ရေးပါတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဗဟိုမှ ပြဋ္ဌာန်းထားသည့်အတိုင်း ကျေးရွာ/ ကျေးရွာအုပ်စု/ရပ်ကွက်၊ မြို့များမှ ရွေးချယ်ပေးသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) မြို့နယ်တစ်ခုတွင် မြို့နယ်ကော်မတီတစ်ရပ်သာ ဖွဲ့စည်းရမည်၊

(ဂ) မြို့နယ်ကော်မတီကို ကိုယ်စားလှယ် (၁၅)ဦးမှ (၂၁) ဦးထိ အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | ၁ ဦး |
| (၂) ဒုတိယဥက္ကဋ္ဌ (၁) | ၁ ဦး |
| (၃) ဒုတိယဥက္ကဋ္ဌ (၂) | ၁ ဦး |
| (၄) အတွင်းရေးမှူး | ၁ ဦး |
| (၅) တွဲဘက် အတွင်းရေးမှူး (၁) | ၁ ဦး |
| (၆) တွဲဘက်အတွင်းရေးမှူး (၂) | ၁ ဦး |
| (၇) တိုင်းရင်းသား လူမျိုးရေးရာမှူး | ၁ ဦး |
| (၈) ဘဏ္ဍာရေးမှူး | ၁ ဦး |
| (၉) စည်းရုံးရေးမှူး | ၁ ဦး |
| (၁၀) ပြန်ကြားရေးမှူး | ၁ ဦး |
| (၁၁) လူငယ်ရေးရာမှူး | ၁ ဦး |
| (၁၂) အမျိုးသမီးရေးရာမှူး | ၁ ဦး |
| (၁၃) လူမှုရေးရာမှူး | ၁ ဦး |
| (၁၄) လေ့ကျင့်ရေးမှူး | ၁ ဦး |

(၁၅) ကော်မတီဝင် ၁ ဦးမှ ၇ ဦး

**မွန်ညီညွတ်ရေးပါတီ (ဗဟို)**

၂၃။ မွန်ညီညွတ်ရေးပါတီ (ဗဟို)ကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

(က) ပါတီဗဟိုကော်မတီကို မြို့နယ်များမှ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များနှင့် ကျင်းပသော ပါတီညီလာခံမှ အတည်ပြု ရွေးချယ်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို ကော်မတီဝင် (၈၁) ဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဗဟိုကော်မတီဝင် (၈၁) ဦးအနက် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၂၇)ဦးကို ရွေးချယ်ပြီး အောက်ပါအတိုင်း တာဝန်ပေးရမည် -

(၁) ဥက္ကဋ္ဌ ၁ ဦး
(၂) ဒုတိယဥက္ကဋ္ဌ (၁) ၁ ဦး
(၃) ဒုတိယဥက္ကဋ္ဌ (၂) ၁ ဦး
(၄) အထွေထွေအတွင်းရေးမှူး ၁ ဦး
(၅) တွဲဘက် အထွေထွေအတွင်းရေးမှူး (၁) ၁ ဦး
(၆) တွဲဘက်အထွေထွေအတွင်းရေးမှူး (၂) ၁ ဦး
(၇) ကော်မတီဝင် ၂၁ ဦး

(ဃ) ကော်မတီဝင် (၂၁) ဦးထဲမှ အောက်ဖော်ပြပါ ပါတီရေးရာနှင့် ပါတီဌာနကြီးများကို ဦးဆောင်ရန် တစ်ဦးချင်းစီကို တာဝန်ပေးအပ်ရမည်-

(၁) တိုင်းရင်းသား လူမျိုးရေးရာမှူး ၁ ဦး
(၂) ဘဏ္ဍာရေးမှူး ၁ ဦး
(၃) စည်းရုံးရေးမှူး ၁ ဦး
(၄) ပြန်ကြားရေးမှူး ၁ ဦး
(၅) ဥပဒေရေးရာမှူး ၁ ဦး
(၆) လူငယ်ရေးရာမှူး ၁ ဦး
(၇) အမျိုးသမီးရေးရာမှူး ၁ ဦး
(၈) လူမှုရေးရာမှူး ၁ ဦး
(၉) လယ်သမားရေးရာမှူး ၁ ဦး
(၁၀) အလုပ်သမားရေးရာမှူး ၁ ဦး
(၁၁) လေ့ကျင့်ရေးမှူး ၁ ဦး
(၁၂) သုတေသနနှင့် မူဝါဒရေးရာမှူး ၁ ဦး
(၁၃) ပါတီရေးရာဌာနမှူး ၁ ဦး
(၁၄) ကော်မတီဝင် ၈ ဦး

## အခန်း (၉)

## ပါတီကော်မတီအစည်း အဆင့်ဆင့်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၄။ ကျေးရွာ/ ကျေးရွာအုပ်စု/ရပ်ကွက် မွန်ညီညွတ်ရေးပါတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ဗဟိုမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို လိုက်နာအကောင် အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) ဗဟို၊ မြို့နယ်၊ မြို့ပါတီ တို့မှ ပေးအပ်သော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ယူထားသည့် ပါတီစည်းရုံးရေး နယ်မြေအတွင်း ပါတီ၏ စည်းရုံးဆောင်ရွက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်ထက်မြက်နေစေရန် ဆောင်ရွက်ရမည်။

(င) ဗဟို၏ လမ်းညွှန်ချက်နှင့်အညီ မြို့နယ်၊ မြို့ပါတီ အဆင့်ဆင့်မှ ပေးအပ်သော တာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(စ) အထက်အဆင့်ဆင့်သော ပါတီ၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူရမည်။

(ဆ) မိမိ၏ ဆောင်ရွက်ချက်များနှင့် အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အထက်အဆင့် ပါတီသို့ အချိန်နှင့်အမျှ တင်ပြနေရမည်။

(ဇ) မိမိဒေသအတွင်း ဖြစ်ပျက်နေသောအခြေအနေများကို အထက်အဆင့်ဆင့်သို့ သဘောထားပေးပို့ တင်ပြပိုင်ခွင့်ရှိသည်။

၂၅။ မြို့ပါတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နေရမည်။

(ခ) ဗဟိုမှချမှတ်သောလုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) ဗဟိုနှင့် မြို့နယ်ပါတီတို့မှ ပေးအပ်သောတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) မိမိနယ်မြေအတွင်းရှိ ပါတီ၏ စည်းရုံးလှုပ်ရှားမှုများ ထက်မြက်ရှင်သန်နေရေးကို အောက်ခြေပါတီနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(င) အထက်အဆင့်ဆင့်သော ပါတီ၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူရမည်။

(စ) ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက်ပါတီများကို ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ရမည်။

(ဆ) မိမိ၏ ဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်နေသည့်အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အထက်အဆင့် ပါတီသို့ အစီရင်ခံတင်ပြနေရမည်။

(ဇ) မိမိဒေသအတွင်း ဖြစ်ပျက်နေသောအခြေအနေများကို အထက်အဆင့်ဆင့်သို့ သဘောထားပေးပို့ တင်ပြပိုင်ခွင့် ရှိသည်။

၂၆။ မြို့နယ်ပါတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ပါတီ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်နေရမည်။

(ခ) ဗဟိုမှချမှတ်သော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအတိုင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရ မည်။

(ဂ) ဗဟိုမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) မိမိနယ်မြေအတွင်း စည်းရုံးရေး ထက်မြက်ရှင်သန်ရေးကို မြို့၊ ကျေးရွာ/ကျေး ရွာအုပ်စု/ ရပ်ကွက်ပါတီများ နှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

(င) ဗဟိုပါတီ၏ လမ်းညွှန်ကြီးကြပ်မှုကို ခံယူရမည်။

(စ) မြို့၊ ကျေးရွာ/ကျေး ရွာအုပ်စု/ရပ်ကွက်ပါတီများကို ကြီးကြပ်ကွပ်ကဲ ရမည်။

(ဆ) မိမိ၏ ဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်နေသော အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုသို့ တင်ပြအစီရင်ခံရမည်။

(ဇ) မိမိဒေသအတွင်း ဖြစ်ပျက်နေသောအခြေအနေများကို အထက် အဆင့်ဆင့်သို့ သဘောထားပေးပို့ တင်ပြပိုင်ခွင့် ရှိသည်။

၂၇။ မွန်ညီညွတ်ရေးပါတီ (ဗဟိုအလုပ်အမှုဆောင်)၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီကို တာဝန်ခံရမည်။
(ခ) ပါတီ၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။
(ဂ) အောက်ခြေပါတီအဆင့်ဆင့်ကို လမ်းညွှန်ကြီးကြပ်ရမည်။
(ဃ) အခါအားလျော်စွာ လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ထုတ်ပြန်ရမည်။
(င) ပါတီစည်းရုံးလှုပ်ရှားမှု ထက်မြက်မြန်ဆန်ရေး၊ တိုးချဲ့စည်းရုံးဖွဲ့စည်းရေးတို့ကို နည်းလမ်း ကြံဆရှာဖွေ ဆောင်ရွက်ရမည်။
(စ) ပါတီကော်မတီအဆင့်ဆင့်အား ပါတီဖွဲ့စည်းပုံ စည်းမျဉ်းအတိုင်း လိုက်နာကျင့်သုံးစေရန် ကြီးကြပ် ဆောင်ရွက်ရမည်။
(ဆ) ပါတီဘဏ္ဍာကို ထိရောက်စွာ ခွဲဝေသတ်မှတ် သုံးစွဲနိုင်ရန် ဆောင်ရွက်ရမည်။
(ဇ) အဆင့်ဆင့်သော ပါတီကော်မတီအဖွဲ့အစည်းများနှင့် ပါတီဝင်တို့အား လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ရမည်။
(ဈ) ပါတီမှ ခန့်အပ်ထားသည့် ရုံးဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲရမည်။
(ည) ဗဟိုအဖွဲ့အစည်းများနှင့် ဌာနများအတွက် တာဝန်ခွဲဝေပေးအပ်ခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊ ပံ့ပိုးကူညီ ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။
(ဋ) ပါတီရေးရာ အဖွဲ့အစည်းများ၊ ဌာနကြီးမှူးများ၏ တင်ပြချက်များကို အဆုံးအဖြတ်ပေးခြင်း၊ လမ်းညွှန် ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကူညီထောက်ပံ့ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။
(ဌ) ပါတီ၏ နှစ်ပတ်လည်အစည်းအဝေးများ၊ ပါတီညီလာခံများကို တာဝန်ခံခြင်း၊ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်း စသည်တို့ကို လုပ်ဆောင်ရမည်။
(ဍ) ပြစ်မှုကျူးလွန်သည့် ပါတီဝင်များကို စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ အရေးယူခြင်း၊ အယူခံလွှာများ ကို စိစစ်ခြင်းနှင့် တွေ့ရှိချက်များကို ပါတီညီလာခံသို့ တင်ပြခြင်းများ ဆောင်ရွက်ရမည်။

၂၈။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည် -

(က) ဗဟိုကော်မတီသည် ပါတီညီလာခံကို တာဝန်ခံရမည်။ ညီလာခံတစ်ခုနှင့် တစ်ခုအကြား ပါတီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။
(ခ) ပါတီညီလာခံကျင်းပရာတွင် လိုအပ်သော အဆုံးအဖြတ်များ ချမှတ်နိုင်ရန်အတွက် နည်းလမ်းများ ရှာဖွေခြင်း၊ ပါတီအဆင့်ဆင့်မှ တင်ပြချက်များနှင့် စပ်လျဉ်း၍ ညီလာခံသို့ တင်ပြရန် သင့်လျော်ခြင်း ရှိ/မရှိ စိစစ်တင်ပြရန် တာဝန်ရှိသည်။
(ဂ) ပါတီ၏ စည်းရုံးလှုပ်ရှားဆောင်ရွက်မှုများ အစဉ်ထက်မြက်နေရေးနှင့် ပါတီတိုးချဲ့ စည်းရုံးဖွဲ့စည်းနိုင်ရန် အတွက် နည်းလမ်းများကို ကြံဆရှာဖွေနေရမည်။
(ဃ) ပါတီ၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို သုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်အတွက် လိုအပ်သည့် အစီအမံများ ချမှတ်နိုင်ရန် ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## နှစ်ပတ်လည် အစည်းအဝေးများနှင့် ပါတီညီလာခံများ

၂၉။ အဆင့်ဆင့်သော ပါတီနှစ်ပတ်လည် အစည်းအဝေးများကို နှစ်စဉ် နောက်ဆုံးလတွင် နောက်ဆုံးထား ကျင်းပရမည်။

၃၀။ အဆင့်ဆင့်သော ပါတီများ၏ ညီလာခံကို သက်တမ်းကုန်ဆုံးသည့် နောက်ဆုံးနှစ်၊ နောက်ဆုံးလတွင်နောက်ဆုံးထား၍ ကျင်းပရမည်။

၃၁။ ပဟိုကော်မတီထက်ဝက်ကျော်တောင်းဆိုလာပါက အရေးပေါ် ညီလာခံကို ခေါ်ယူ ကျင်းပရမည်။

၃၂။ နှစ်ပတ်လည်အစည်းအဝေး၊ ပါတီညီလာခံတို့နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ ပြဌာန်းပေးရမည်။

၃၃။ ညီလာခံတစ်ခုနှင့် တစ်ခုကြားကာလသည် (၅)နှစ် ဖြစ်သည်။

**အခန်း (၁၁)**

**အဆင့်ဆင့်သော ပါတီများ၏ သက်တမ်း**

၃၄။ ညီလာခံတစ်ခုနှင့်တစ်ခုကြားကာလ (၅) နှစ်အတိုင်း အဆင့်ဆင့်သော ပါတီများ၏သက်တမ်းသည် (၅)နှစ်ဖြစ်သည်။

**အခန်း (၁၂)**

**ရွေးချယ်ဖွဲ့စည်းမှု စနစ်**

၃၅။ ပါတီအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အခြေခံမှုနှင့် စည်းစနစ်များအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။

(က) ရွေးချယ်ဖွဲ့စည်းမှု၏ အမြင့်ဆုံးအာဏာသည် ပါတီဝင်များထံမှ ဆင်းသက်သည်။
(ခ) ရွေးချယ်ဖွဲ့စည်းရာတွင် လျှို့ဝှက်ဆန္ဒမဲပေးသည့် စနစ်ကို ကျင့်သုံးသည်။
(ဂ) လျှို့ဝှက်ဆန္ဒမဲစနစ်ကို ကျင့်သုံးရာတွင် အဂတိတရားများနှင့် ကင်းလွတ်စေရန် ဆောင်ရွက်ရမည်။ ပါတီစည်းလုံးညီညွတ်ရေးကို မထိခိုက်စေသည့် ရွေးချယ်ပွဲများဖြစ်ရန် ဆောင်ရွက်ရမည်။
(ဃ) ရွေးချယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ၅၀ ရာခိုင်နှုန်းအထက် တက်ရောက်မှသာ ရွေးချယ်ပွဲ အထမြောက် သည်။
(င) မဲအရေအတွက် အများဆုံး ရရှိသူအား ရွေးချယ်သည့်စနစ်ကို ကျင့်သုံးသည်။
(စ) ရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့၏ အဆုံးအဖြတ်သည် နောက်ဆုံးအတည် ဖြစ်စေရမည်။
(ဆ) ပါတီ၏ အဆင့်ဆင့်သော ရွေးချယ်ပွဲများကို ကြီးကြပ်ရန် ဖွဲ့စည်းသည့် ကြီးကြပ်ရေးအဖွဲ့များသည် အောက်ပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်-
   (၁) ရွေးချယ်ပွဲမှာ တရားမျှတ မှန်ကန်မှုရှိစေရန် တာဝန်ခံ ဆောင်ရွက်ရမည်။
   (၂) သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအတိုင်း စနစ်တကျ ကျင်းပနိုင်ရန် ဆောင်ရွက်ရမည်။
   (၃) ရွေးချယ်ပွဲများသို့ တက်ရောက်လာသည့် အဆင့်ဆင့်သော ပါတီဝင်များ ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ပြဌာန်းထားသည့် ၎င်းတို့၏ ရပိုင်ခွင့် အခွင့်အရေးများ ပြည့်ဝစွာ ရရှိစေရန်နှင့် ပါတီတွင်း ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ခံစားခွင့် ရရှိနိုင်စေရန်အတွက် အာမခံချက် ပေးရမည်။
   (၄) ရွေးချယ်ပွဲ ကျင်းပစဉ်အတွင်း စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်သူများအား ထိရောက်စွာ အရေးယူပေးရမည်။

**အခန်း ၁၃**
**လစ်လပ်ခြင်း၊ အစားထိုးရွေးချယ်ခြင်း**

၃၆။ အဆင့်ဆင့်သော ပါတီ၏ အလုပ်အမှုဆောင်ကော်မတီဝင်များ လစ်လပ်ခဲ့လျှင် အောက်ပါအတိုင်း ရွေးချယ်တာဝန်ပေးနိုင်သည်-

(ဃ) ကျေးရွာ/ကျေးရွာအုပ်စု/ရပ်ကွက် ပါတီအလုပ်အမှုဆောင် ကော်မတီဝင်-

(၁) အလုပ်အမှုဆောင် ကော်မတီဝင် လစ်လပ်ခဲ့လျှင် အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပါတီဝင် တစ်ဦးဦးအား ရွေးချယ် တာဝန်ပေးအပ်ရမည်။

(၂) ယင်းသို့ လစ်လပ်သွားသော အမှုဆောင်အဖွဲ့ဝင် နေရာအတွက် ပါတီနှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အရေးပေါ်ခေါ်ယူသော အစည်းအဝေးမှ ရွေးချယ်တင်မြှောက်ပြီး အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ရမည်။

(ခ) မြို့ ပါတီအလုပ်အမှုဆောင်ကော်မတီဝင်-

(၁) အလုပ်အမှုဆောင် ကော်မတီဝင် လစ်လပ်ခဲ့လျှင် အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပါတီဝင် တစ်ဦးဦးအား ရွေးချယ် တာဝန်ပေးအပ်ရမည်။

(၂) ယင်း လစ်လပ်သည့် နေရာအတွက် အနီးဆုံး နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အရေးပေါ် ခေါ်ယူသော အစည်းအဝေးမှ ရွေးချယ်တင်မြှောက်သူကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက် ဖြင့် တာဝန်ပေးအပ်ရမည်။

(ဂ) မြို့နယ် အလုပ်အမှုဆောင် ကော်မတီဝင်-

(၁) အလုပ်အမှုဆောင် ကော်မတီဝင် လစ်လပ်ခဲ့လျှင် ၎င်း၏တာဝန်ဝတ္တရားများကို အလုပ်အမှု ဆောင်အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ပါတီဝင် တစ်ဦးဦးအား ရွေးချယ် တာဝန်ပေးအပ်ရမည်။

(၂) ယင်း လစ်လပ်သည့် နေရာအတွက် အနီးဆုံး နှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အရေးပေါ် ခေါ်ယူသော အစည်းအဝေးမှ ရွေးချယ်တင်မြှောက်သူကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ရမည်။

(ဃ) ဗဟိုကော်မတီဝင်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်-

(၁) ဗဟိုကော်မတီဝင် လစ်လပ်ခဲ့လျှင် အနီးဆုံး ဗဟိုကော်မတီ နှစ်ပတ်လည် အစည်းအဝေးမှ ရွေးချယ်တင်မြှောက်ရမည်။

(၂) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦး လစ်လပ်ခဲ့လျှင် ဗဟိုကော်မတီဝင် တစ်ဦးဦးအား အလုပ်အမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် လစ်လပ်သွားသော ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၏ လုပ်ငန်းတာဝန်များကို ယာယီလွှဲအပ် ထမ်းဆောင်စေရမည်။

(၃) ယင်းသို့ လစ်လပ်သွားသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်နေရာအတွက် အနီးဆုံး သို့မဟုတ် အရေးပေါ် ခေါ်ယူသော ဗဟိုကော်မတီ အစည်းအဝေးမှ ရွေးချယ်တင်မြှောက် ပေးရမည်။

၃၇။ ပုံမှန်ရွေးချယ်တင်မြှောက်ခြင်း၊ ဖြည့်စွက်ရွေးချယ်တင်မြှောက်ခြင်း အားလုံးကို ပါတီမှပြဋ္ဌာန်းထားသည့် ရွေးချယ်တင် မြှောက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၁၄)

## ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်၊ ဖြည့်စွက်ခြင်း

၃၈။ ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါက ဗဟိုကော်မတီအစည်းအဝေး၏ ထက်ဝက်ကျော် သော ဆန္ဒမဲဖြင့် ပြင်ဆင်ဖြည့်စွက်နိုင်သည်။ သို့ရာတွင် ယင်းပြင်ဆင်ဖြည့်စွက်ချက်များကို အနီးဆုံး ပါတီညီလာခံတွင် တင်ပြ အတည်ပြုချက် ရယူရမည်။

၃၉။ ဤမွန်ညီညွတ်ရေးပါတီ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်တွင် အတည်ပြုသည်။

## အခန်း (၁၅)

## အထွေထွေကိစ္စရပ်များ

၄၀။ ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းသည် မွန်ညီညွတ်ရေးပါတီ၏ မူလအခြေခံစည်းမျဉ်း ဖြစ်သည်။

၄၁။ မွန်ညီညွတ်ရေးပါတီ၏ ရုံးသုံးစာသည် မွန်ဘာသာ၊ ဗမာဘာသာ နှစ်ဘာသာ ဖြစ်သည်။

၄၂။ ဤဖွဲ့စည်းပုံစည်းမျဉ်း၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးများ၊ စကားလုံးတစ်လုံးချင်းစီ၏ အနက်အဓိပ္ပါယ် သဘောအယူအဆများ ဖွင့်ဆိုရာ၌ မွန်ဘာသာ၊ ဗမာဘာသာ နှစ်ဘာသာစလုံးဖြင့် ရေးသားထားချက်များ အပေါ်တွင် အခြေပြုရမည်။

၂၀၁၈ နှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့။